လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ May 2026

## ဒုတိယသမ္မတ ဦးညိုစော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်** **နေပြည်တော်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောက အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးကို ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအတွက်အဓိကတာဝန်ယူ ဆောင်ရွက်နေသည့် အမျိုးသားကော်မတီအနေဖြင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးကိစ္စရပ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ကြုံတွေ့လာနိုင်ခြေရှိသည့် သဘာဝဘေးများအတွက် ဝန်ကြီးဌာနများနှင့်နေပြည်တော်အပါအဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ထားသည့် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှု၊ ဘေးအန္တရာယ် ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး အဆင်သင့်ဖြစ်အောင် စီမံထားရှိမှုများကို သိရှိရန်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောက်ရွက်ပေးနိုင်ရန်အတွက်ဖြစ်ပါသည်။

ယခုကာလသည် မုတ်သုံကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက်မုတ်သုံကာလအတွင်းဖြစ်ပေါ်လေ့ရှိသည့်မုန်တိုင်း၊မြစ်ရေကြီးခြင်းအပါအဝင်နောက်ဆက်တွဲဘေးအန္တရာယ်များကို ဒေသအလိုက်သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိုးလေဝသဆိုင်ရာခန့်မှန်းချက်၊ ကြိုတင် သတိပေးချက်များကို မျက်ခြေမပြတ် ဂရုတစိုက် သိရှိစေရန်လည်း လိုအပ်ကြောင်း၊ ယခုကာလအတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ဒေသအချို့တွင် အပူချိန်များလာပြီး အယ်နီညိုဖြစ်နိုင်ခြေကိုလည်း တွေ့ရှိရကြောင်း၊ တစ်ဖက်တွင် လည်း လျှပ်ဘေးအန္တရာယ်ကို အထူးသတိပြုရန် လိုအပ်ကြောင်း၊သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများကို စနစ်တကျစီမံဆောင်ရွက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အတိုင်းအတာတစ်ခုထိ လျော့နည်းစေနိုင်ရုံမျှမက တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့် စရိတ်များကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုအသုံးပြုနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ဝန်ကြီးဌာနများအလိုက်၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်မှုများ ကဏ္ဍအလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး လူ/တိရစ္ဆာန် ပြောင်းရွှေ့ရေး၊ ယာယီနေရာချထားရေး၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ထိခိုက်နိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြန်လည် ကုစားမည့်အစီအမံများနှင့် ဒေသအလိုက် တည်ရှိနေသည့် ဆည်မြောင်းတာတမံများကြံ့ခိုင်မှု ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ လုပ်ငန်းလည်ပတ်မှု မပြတ်တောက်စေရန် အစီအမံများကို ကဏ္ဍစုံတွင် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ဒေါက်တာစိုးဝင်းတို့က သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အချိန်မီတုံ့ပြန်နိုင်ရေးအတွက် လူမှု/ကယ်ဆယ်ရာဖွေရေးအဖွဲ့များ၊ ဘေးဒဏ်ခံ ခိုလှုံရေးအဆောက်အဦနှင့် ကယ်ဆယ်ရေးစခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေ လျာထားဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကူညီကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ အတွက် ကဏ္ဍများအလိုက် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင် ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အသင့်တပ်ဆင်စာသင်ကျောင်းများ ဆောက်လုပ်ထားရှိမှုအား ကြည့်ရှုစစ်ဆေးခြင်းနှင့် ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်တို့မှ နေရပ်ပြန် ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မေလ (၆) ရက်တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့သို့ သွားရောက်ကာ မန္တလေးငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မှုအဖြစ် အာဆီယံ နိုင်ငံများက AHA Center (အဟာစင်တာ) မှတစ်ဆင့် လှူဒါန်းသော အလှူငွေများဖြင့် ဆောင်ရွက်ခဲ့သော အသင့်တပ်ဆင်စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (အင်းတိန်ကုန်း)၌ ဆောက်လုပ်ထားသော အလျားပေ၉၀၊ အနံပေ၃၀ ရှိ အသင့်တပ်ဆင် စာသင်ကျောင်း၊ ဆောက်လုပ်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပါသည်။ အဆိုပါစာသင်ဆောင်၌ ကျောင်းသား ကျောင်းသူ (၁၂၀)ဦးခန့် ပညာသင်ကြားနိုင်ရေး စီစဉ်ထားရှိကြောင်းသိရှိရပါသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခြေခံပညာအထက်တန်းကျောင်းခွဲ(သန်းတောင်)ရှိ အလျားပေ၉၀၊ အနံပေ ၃၀ ရှိ အသင့်တပ်ဆင်စာသင်ဆောင်သို့ ဆက်လက်သွားရောက်ကြည့်ရှုပါသည်။ ထိုမှတစ်ဆင့် အခြေခံပညာမူလတန်း

ကျောင်း (ရေဦးတောင်)ရှိ အလျားပေ၉၀၊ အနံပေ ၃၀ ရှိ အသင့်တပ်ဆင် စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကို စစ်ဆေးပါသည်။ ပြည်ထောင်စုဝန်ကြီးသည်ဆောက်လုပ်ထားသော အသင့်တပ်ဆင် စာသင်ဆောင်များ၏ သတ်မှတ်ပုံစံ၊ အတိုင်းအတာ၊ အရည်အသွေးကိုက်ညီမှုရှိ/မရှိ ကြည့်ရှုပြီး အသုံးပြုနေမှု အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မေးမြန်း ဆွေးနွေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

အဆိုပါစာသင်ဆောင်များကို အာဆီယံနိုင်ငံများ၏ လှူဒါန်းငွေဖြင့် AHA Center (အဟာစင် တာ)နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများ၏ အလှူငွေ အမေရိကန်ဒေါ်လာ (၁.၅) သန်းနီးပါးဖြင့် ‌ငလျင်ဘေးသင့်တိုင်းဒေသကြီး/ပြည်နယ်များတွင် အသင့်တပ်ဆင် စာသင်ဆောင်ပေါင်း (၃၀)ကျော် ဆောက်လုပ်ထားပြီးဖြစ်ပါသည်။

(၇-၅-၂၀၂၆)ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလောမြို့မှ ဖယ်ခုံမြို့သို့သွား ရောက်ပြီး ဖယ်ခုံမြို့၊ သဒ္ဓမ္မသဒ္ဓိ ပရိယတ္တိစာသင်တိုက်ဆရာတော်အား တွေ့ဆုံဖူးမျှော်ကာ လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်တို့သို့ နေရပ်ပြန် ရောက်ရှိလာသောပြည်သူများအား ဖယ်ခုံမြို့၊ မြို့နယ်ခန်းမတွင် တွေ့ဆုံ၍ နေရပ်ပြန်ပြည်သူများ အနက် အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွား (၂၀၆)ဦးအတွက် (၆,၁၈၀,၀၀၀/-)၊ အသက် (၅) နှစ်အောက်ကလေး (၄၈၄) ဦး အတွက် (၁၄,၅၂၀,၀၀၀/-)၊ ကိုယ်ဝန်ဆောင် (၃၂) ဦး အတွက် (၉၆၀,၀၀၀/-) စုစုပေါင်းထောက်ပံ့ငွေ (၂၁,၆၆၀,၀၀၀/-) နှင့် နေရပ်ပြန်ပြည်သူ အိမ်ထောင်စု(၁၈၁၆)စုမှ လူဦးရေ (၆၅၂၀)ဦးအတွက်ဆန်ရိက္ခာဖိုး(၁)လစာ(၁၃၀,၄၀၀,၀၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၅)မျိုး (၁၈၁၆) အိမ်ထောင်စုစာ နှင့် တာပေါ်လင်ထုပ် (၆၁)ထုပ် တို့အား ပြည်ထောင်စုဝန်ကြီးနှင့် ဖယ်ခုံ တပ်နယ်မှူး ဗိုလ်မှူးကြီးမြတ်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးစိန်ဝင်း၊ လီဆူးတိုင်းရင်းသားရေးရာဝန်ကြီးဒေါ်ငွေလှိုင်၊ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးဒေါ်အေးချိုစိန်၊ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်သို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပါသည်။ ပြည်ထောင်စုဝန်ကြီးက နေရပ်ပြန်ပြည်သူများအား အားပေးစကား ပြောကြားပြီးနောက် ဖယ်ခုံမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ဆရာ/ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



**၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်** **ရှမ်းပြည်နယ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော်၊ မေလ ၂၀ ရက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၉-၅-၂၀၂၆ ရက်နှင့် ၂၀-၅-၂၀၂၆ ရက်တို့တွင် အဆိုပါ ဝန်ကြီးဌာန၏ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ၁၉-၅-၂၀၂၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပ၍ ဒီမိုကရေစီအစိုးရသစ်ဖြစ်ပေါ်ဖွဲ့စည်းမှု၊ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးမှ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အရေးကြီးမှု၊ ပညာရေး၊ကျန်းမာရေးကဏ္ဍမြင့်မားလာရေး နိုင်ငံတော်အစိုးရက ဦးစားပေး ဆောင်ရွက်နေမှုများ၊ မူကြိုပညာရေးနှင့်ဆက်စပ်၍ ဤဝန်ကြီးဌာနအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့် ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအား နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်မှုများ ပိုမိုအားကောင်းလာစေရေး၊ ဝန်ကြီးဌာန၏ ဘတ်ဂျက် ရန်ပုံငွေများ စနစ်တကျသုံးစွဲရေး၊ တင်ဒါလုပ်ငန်းများ စည်းမျဉ်းစည်းကမ်းနှင့်အညီ အချိန်မီ ပြီးစီးနိုင်ရေးနှင့် စာရင်းစစ်ဆေးခံနိုင်စေရေး၊ ရက် ၁၀၀ စီမံကိန်းလုပ်ငန်းများ ပြည်သူအတွက် အကျိုးရှိ ထိရောက်အောင် ဆောင်ရွက်ရေး၊ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်လာနိုင်သော ရာသီဥတု အခြေအနေများပေါ် မူတည်၍ ရေဘေး၊ လေဘေး၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနများ၏ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းဆောင်ရွက်ချက်များ၊ သုံးသပ်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ အသီးသီးတင်ပြကြပါသည်။

ထို့နောက် ဒုတိယဝန်ကြီးများ ဖြစ်သည့် ဒေါက်တာသန်းစိုးနှင့် ဒေါက်တာသန့်ဇော်လွင် တို့က တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ချက်များ တင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားခဲ့ပါသည်။

## မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ (တတိယအကြိမ်)



**နေပြည်တော်၊ မေလ ၂၂ ရက်**

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့်မူလတန်းဆရာ/ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း သင်တန်းဆင်းပွဲ (တတိယအကြိမ်) အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့် အညီ KG နှင့် Grade-1 တို့တွင် တက်ရောက်သည့်ကလေးငယ်များအား ပညာသင်ကြားရေးကို အထောက်အကူပြုစေမည့်အသက်အရွယ်နှင့်ကိုက်ညီသည့် သင်ကြားမှုစနစ်ကို ဆောင်ရွက်ပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ စတင် နေပြည်တော် ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်း (၃) ကြိမ်တွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၃၈ ဦးကို သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပညာရေးဝန်ကြီးဌာနက ဦးဆောင်၍ ဆင့်ပွားဆွေးနွေးပွဲများ၊သင်တန်းများကျင်းပပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင် နှစ်မှစပြီး KG နှင့် Grade-1 တို့တွင် တက်ရောက်ကြမည့် ကလေးများအတွက် အကျိုးရှိ ထိရောက်စေမည်ဖြစ်ပြီး ကျောင်းဝင်အဆင်ပြေ၍ ကျောင်းပျော်ကလေးများဖြစ်လာကာ အနာဂတ်တွင် ခက်ခဲသည့်သင်ခန်းစာများကိုသင်ယူနိုင်စွမ်းမြင့်မားစေမည်ဖြစ်ပါကြောင်း၊ ကလေးဘဝ အစောပိုင်း ကာလဖြစ်သည့် မွေးစမှ အသက်ရှစ်နှစ်အရွယ်အထိသည် လူ့ဘဝ တစ်လျှောက် အရေးအကြီးဆုံး အဆင့်ဖြစ်ပြီး ကလေးများ၏ ကိုယ်ခန္ဓာ၊ ဉာဏ်ရည်၊ ဘာသာစကား၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလျက်ရှိရာ ကလေးများအတွက် အရည်အသွေးပြည့်ဝသောစောင့်ရှောက်မှု၊စနစ်ကျသောသင်ယူမှုအခွင့်အလမ်းများ ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (Early Childhood Care and Development –ECCD ) သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ဉာဏ်ရည်၊ လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက်

အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနိုင်ခြင်းပင် ဖြစ်ပါသဖြင့် အလေးထား ဆောင်ရွက်စေလိုပါကြောင်း မှာကြားခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးကသင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား(၁)ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ သင်တန်းသား၊ သင်တန်းသူများမှ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက် ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် သင်တန်းဆင်းပွဲသို့ တက်ရောက် လာသူများက သင်တန်းသား၊ သင်တန်းသူများ၏ ကလေးဖွံ့ဖြိုးမှုဆိုင်ရာ သင်ထောက်ကူလက်မှု ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**၂၀၂၆ ခုနှစ်၊ မေလ ၂၃ ရက်** **နေပြည်တော်**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်ကျင်းပခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား ရာတွင် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအား ၂၂-၅-၂၀၂၆ ရက်တွင် နိုင်ငံတော် သမ္မတရုံးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဥက္ကဋ္ဌအဖြစ်နှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင် ကိုယ်စားလှယ် စုစုပေါင်း (၂၂) ဦးဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ချင်းပြည်နယ် အတွင်း တွန်းဇံ၊ ဖလမ်းနှင့် တီးတိန်မြို့နယ် များ ပြန်လည်ထူထောင်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ရန်နှင့် လိုအပ်ပါက လုပ်ငန်းကော်မတီများ

ဖွဲ့စည်းဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များအတွက် တက်ရောက်လာသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များက ချင်းပြည်နယ်အတွင်းရှိ မိမိတို့ဌာနများနှင့် ကြိုတင်ချိတ်ဆက်ဆောင်ရွက်ရန်မှာကြားပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား လက်ခံတွေ့ဆုံ



**၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား အဆိုပါဝန်ကြီးဌာန၊ ညှိခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနနှင့်အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး လုပ်ငန်းစဉ် ဆိုင်ရာကိစ္စရပ်များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးကိစ္စများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီး သွားလာခွင့်ကိစ္စများ၊ မန္တလေးငလျင် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စများနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ တောင်သာအုပ်စု၊ သူဌေးကုန်းကျေးရွာမီးဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ်များအား ကွင်းဆင်းထောက်ပံ့




**၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း တို့နှင့်အတူ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ တောင်သာအုပ်စု၊ သူဌေးကုန်းကျေးရွာတွင် (၆-၅-၂၀၂၆) ရက်နေ့ (၂၂:၁၅) အချိန်တွင် ဖြစ်ပွားခဲ့သော မီးဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ် (၈) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ (၁,၀၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၃၁) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ (၁၅၅,၀၀၀ိ/-)၊ သေဆုံး (၁)ဦးအတွက် ထောက်ပံ့ငွေ (၃၀၀,၀၀၀ိ/-)၊ ဒဏ်ရာရသူ(၂)ဦးအတွက် ထောက်ပံ့ငွေ (၁၀၀,၀၀၀ိ/-)၊ စုစုပေါင်း ထောက်ပံ့ငွေ (၁,၅၅၅,၀၀၀ိ/-) နှင့် အိမ်ထောင်စု (၁၃)စုအတွက် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးပါ (၁၃)ပုံးအား ခေတ္တကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် သူဌေးကုန်းကျေးရွာ၊ အခြေခံပညာ မူလတန်းကျောင်းရှိ ဘေးသင့်ပြည်သူများ လက်ဝယ်သို့ သွားရောက်ထောက်ပံ့၍ အားပေးစကား ပြောကြားခဲ့ပါသည်။

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုပြီး အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



**၂၀၂၆ ခုနှစ်၊ မေ ၂၇ ရက်** **ချင်းပြည်နယ်**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ပြည်ထောင်စုဝန်ကြီး ဌာနများမှ ကော်မတီဝင်တို့သည် ဟားခါးမြို့မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် ဖလမ်းမြို့သို့ ရောက်ရှိကြပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဖလမ်းမြို့ ဒေသခံ ပြည်သူများနှင့် အစိုးရဝန်ထမ်းများအတွက် အဓိက လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ ဆိုလာစနစ်ဖြင့် မီးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အတွက်အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့ပါသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တို့က ပြန်လည်တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၇၃ စု အတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိအတွက် ငွေကျပ် ၆,၂၅၀,၈၆၀ ကို ထောက်ပံ့ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပါသည်။

# ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်** **ချင်းပြည်နယ်**

ချင်းပြည်နယ်ဖလမ်းမြို့၊တီးတိန်မြို့နှင့်တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုတီးတိန်မြို့၊မြို့မရပ်ကွက် ရှိ ထွမ်းဝုမ်းရိပ်သာ၌ ကျင်းပရာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီဝင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တီးတိန်နှင့် တွန်းဇံမြို့များမှ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီ အဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ခဲ့ ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာ ကြသူများက ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပြန်လည် ဝင်ရောက် တာဝန်ထမ်းဆောင်ကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအတွက် ဆန်ရိက္ခာ ပေးပို့ ဖြည့်တင်းနိုင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာဒေသ များသို့ အချိန်မီပေးပို့နိုင်ရေး၊ လုပ်ငန်းခွင်သုံးယာဉ် ယန္တရားများ၊ စက်သုံးဆီများ ဖြည့်တင်းနိုင်ရေးနှင့် မြို့နယ် သုံးမြို့နယ်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများမှ ကဏ္ဍ အလိုက် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေး တင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပြန်လည် ဝင်ရောက်တာဝန်ထမ်းဆောင်ကြသော ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအတွက် (ASEAN Plus Three Emergency Rice Reserve-APTERR) အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်း သော ဆန်ရှစ်တန်သည် မေ ၃၁ ရက်တွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ရောက်ရှိလာပြီ ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမြို့နယ်များသို့ အမြန်ဆုံး ပို့ဆောင် ဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာ (ထောက်ကြန့်)သို့ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၆ ခုနှစ်၊ မေ လ ၁၀ ရက်** **ရန်ကုန်မြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင် သည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ထောက်ကြန့်ရှိ လူမှုဝန်ထမ်း ဦးစီးဌာန၏ မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိခဲ့ရာ ရှေးဦးစွာ ကျောင်းအုပ်မှ မသန်စွမ်းသူ ကျား ၅၁ ဦး မ ၃၃ ဦး အား လက်ခံစောင့်ရှောက်ထားမှု အခြေအနေများအား ရှင်းလင်းတင်ပြပါသည်။ ဆက်လက်၍ မသန်စွမ်း ကျောင်းသား သူ/အိပ်ဆောင်များ၊ လက်မှုသင်ကြားခန်း၊ ဆေးပေးခန်း၊ ထမင်းစားခန်းနှင့် မီးဖိုဆောင်တို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယဝန်ကြီးက မသန်စွမ်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ပါ သည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို ၂၄ နာရီအချိန်ပြည့် စေတနာထားဆောင်ရွက်နေကြသည့် ဝန်ထမ်းများဖြစ်တဲ့အတွက် ကျေးဇူးတင် ရှိပါကြောင်း၊ မသန်စွမ်းသူများအတွက် ကျန်မာရေးနှင့် လေ့ကျင့်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ Physiotherapist (၁)ဦး နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြု (၁)ဦးတို့အနေဖြင့် ဂရုပြု ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ကူးစက်တတ်သော ရောဂါများ မဖြစ်ပွားစေရေးအတွက်လည်း သန့်ရှင်းသပ်ရပ်အောင် အစဉ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအရေးကို တစ်ကမ္ဘာလုံးက ဂရုပြုဆောင်ရွက်ပေးလျက်ရှိသလို မြန်မာနိုင်ငံ အနေဖြင့်လည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် ၂၀၁၇ ခုနှစ်တွင် နည်းဥပဒေ ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ ဒါအပြင် ဒုတိယသမ္မတ ဦးဆောင်သည့် မသန်စွမ်းသူများ ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းပြီး မဟာဗျူဟာ ၅ နှစ်စီမံချက်(၂၀၂၂-၂၀၂၇) ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှု မရှိရလေအောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိပြီး မသန်စွမ်း အခွင့်အရေးများကို အလေးပေး ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မသန်စွမ်းသူများအရေးကို မသန်စွမ်းသူများ ကိုယ်တိုင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန် အတွက်လည်း မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ကို ၂၀၁၅ ခုနှစ်မှာ နိုင်ငံအဆင့်ဖွဲ့စည်းပြီး တိုင်းဒေသကြီး နှင့် ပြည်နယ် မသန်စွမ်းသူများအဖွဲ့များကိုလည်း ဖွဲ့စည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီး ဌာန၏ စစ်တမ်းများအရ မသန်စွမ်းသူ ၈၅% မှာ အလုပ် လက်မဲ့များ ဖြစ်သည်ကို တွေ့ရသဖြင့် မသန်စွမ်းသူများ အတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင် ဖန်တီး ပေးပြီး အလုပ်အကိုင်၊ ပညာရေးနှင့် အခြားသော ဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍများတွင် တိုးတက်လုပ်ဆောင်ရန် ဆောင်ရွက် လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအားလုံး ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ပေးပြီးခွဲခြား ဆက်ဆံမှုများ လျော့နည်းပပျောက်စေရေး အလေးထား ဆောင်ရွက်ကြရန် လိုပါကြောင်း ပြောကြားခဲ့ပြီး ကလေး များအတွက် စားစရိတ် အလှူငွေနှင့် ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် လူမှုဝန်ထမ်းဦးစီးဌာန၏ သင်တန်းကျောင်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေး



**၂၀၂၆ ခုနှစ်၊ မေ လ ၁၁ ရက်** **ရန်ကုန်မြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာသန့်ဇော်လွင် သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရား လမ်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းအသက်မွေး သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။ ဒုတိယဝန်ကြီးက ကမ္ဘာပေါ်တွင် မသန်စွမ်းသူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်း ခန့်ရှိသဖြင့် နိုင်ငံတိုင်းက အလေးထား ဆောင်ရွက်လျှက်ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗန်းရှင်းကို ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် ပြဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ

အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) နှင့်နည်းဥပဒေများ(၂၀၁၇)ကိုပြဌာန်းပြီး ဒုတိယသမ္မတ-၂ က ဥက္ကဋ္ဌ အဖြစ်ပါဝင်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်များ အဖွဲ့ဝင်အဖြစ်ပါဝင်သော မသန်စွမ်းသူများ၏အခွင့်အရေး များဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပါ ကြောင်း၊ဒါ့အပြင်မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ကိုလည်း ဖွဲ့စည်းပြီး မသန်စွမ်းသူများကိုယ်တိုင် ပါဝင် ဆောင်ရွက် နေပါကြောင်း၊ မဟာဗျူဟာ ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ချမှတ်ပြီး အကောင်အထည်ဖော်လျှက် ရှိပါကြောင်း၊ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ၅.၉၆ဧ သန်းခန့်ရှိပါ ကြောင်း၊ မသန်စွမ်းသူများအတွက် မွေးရာပါလူ့ အခွင့်အရေးများ၊ ခွဲခြားဆက်ဆံမှုမရှိစေရေး၊ အတား အဆီးကင်းမဲ့သော ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ ကျောင်းမှာ ပြည်သူ့စစ်မှုထမ်း (၂) နှစ် တာဝန်ပြီးမြောက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရေးအတွက် လည်းလက်ခံသင်ကြားပေးသွားမှာ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးမှ အသက်မွေးဝမ်း ကျောင်း ပညာများသင်ကြားရေးကို အားပေးလျက် ရှိပါကြောင်း၊ ယခုသင်တန်းမှာ မသန်စွမ်းသူများအတွက် သီးသန့်အသက်မွေးဝမ်းကျောင်း ပြုနိုင်သည့် စက်ချုပ်၊ ဆံသ၊ တံဆိပ်ရိုက်၊ ကွန်ပျူတာ၊ အီလက် ထရောနစ် ဘာသာရပ်များကို စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုများ နှင့်အတူ နိုင်ငံတော်စရိတ်ဖြင့် လေ့ကျင့်သင်ကြားပေးမှာ ဖြစ်ပါကြောင်း၊ အသက်မွေးနိုင်သည်ထိ တတ်မြောက် အောင်ကြိုးစားသင်ယူကြရန်လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည်တာဝန်ရှိသူများ နှင့်အတူ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာသို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်က လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီးက မသန်စွမ်းမှုပြင်းထန်ပြီး နာတာရှည် ရောဂါများရှိသော ကလေးများကို ၂၄ နာရီ ပြုစု စောင့်ရှောက်မှု ပေးနေရသဖြင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ ထိခိုက်လွယ်သူများဖြစ်သဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်ရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် မသန်စွမ်း သက်ငယ်ကျောင်းတွင် ဖွင့်လှစ်နေသည့် “မသန်စွမ်း သူများပြုစုစောင့်ရှောက်ရေး Level 1” သင်တန်းသို့ သွားရောက်ခဲ့ပြီး သင်တန်းသား/သင်တန်းသူ ၃၅ ဦးနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားရာ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေအရ မသန်စွမ်း ပုဂ္ဂလိပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည် ထူထောင်ရေးဌာနများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ဖြင့် တည်ထောင်ဖွင့်လှစ် ခွင့်ပြုထားပါကြောင်း၊ ခွင့်ပြုချက် မရှိဘဲဖွင့်လှစ်ပါက ဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းကလေးများသည် အထူးဂရုပြုပြီး စနစ်တကျ ပြုစုစောင့်ရှောက်ရမည့် သူများဖြစ်သဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်နိုင်ရန် သင်ကြားပေးနေခြင်း ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများကို လူသားချင်းစာနာသော စိတ်ထားဖြင့် စေတနာ၊ ဝါသနာ၊ အသိပညာ၊ အတတ် ပညာများဖြင့် ပြုစုစောင့်ရှောက်ပေး ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် လူမှုဝန်ထမ်းဦးစီးဌာန ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာသန့်ဇော်လွင် သည် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ် သင်တန်းကျောင်းသို့ရောက်ရှိခဲ့ရာ ကျောင်းအုပ်ကြီးက ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေ ၂၀၁၉ အရ ယောကျ်ားလေး (၄၀၉) ဦး လက်ခံစောင့်ရှောက်ထားမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ကျောင်းအား လှည့်လည်ရှင်းလင်းပြသခဲ့ပါ သည်။

ဒုတိယဝန်ကြီးကမြန်မာနိုင်ငံသည်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗန်းရှင်း အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကလေးသူငယ်

အခွင့်အရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီး ကလေးများရဲ့ အကောင်းဆုံး အကျိုးစီးပွား ဖြစ်ထွန်းစေရေး ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းထားပြီး ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်များ ရရှိရေးများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကလေးများသည် အနာဂါတ်ကို ပုံဖော်ကြမည့်သူများဖြစ်ပါကြောင်း၊ စနစ်တကျနှင့် ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ပေးရန် လိုပါကြောင်း ပြောကြားပါသည်။

ကျောင်းမှ သင်ကြားပေးနေသည့် စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာများကို ဘဝရပ်တည်နိုင်သည်အထိ တတ်မြောက်အောင် သင်ကြားပေးရန်၊ အားကစားရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ပြီး လူငယ် သင်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးနေသည့် အားကစား သင်တန်းများတွင် ဝါသနာကို အခြေခံပြီး ကျွမ်းကျင်သူများ ပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားပေးရန်၊ စိတ်ကိုပြုပြင်ပေးနိုင်သော ဂီတအနုပညာနှင့် ဘာသာရေးအလေ့အကျင့်ကောင်းများ၊ လူမှုဆက်ဆံရေးအတွက် ပြည်သူ့နီတိ၊ ယဉ်ကျေးလိမ္မာ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန် ထက်မြက်စေရေး၊ ကိုယ်ချင်းစာတရားနှင့် သူတပါးကို လေးစားတန်ဘိုးထားတတ်ရန် အသိပညာပေး အစီအစဉ်များကို ထိထိရောက်ရောက် သင်ကြားပေးရန်ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကလေးတစ်ဦးချင်းစီ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အုပ်စုလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အနားယူအပန်းဖြေခြင်းနှင့် ပျော်ပွဲရွှင်ပွဲ အစီအစဉ်များကိုလည်း ပိုမိုဆောင်ရွက် ပေးစေလိုပါကြောင်း၊ တစ်ဦးချင်း၏ နောက်ခံအခြေအနေပေါ် အခြေခံပြီး လူမှုဝန်ထမ်းနည်းလမ်းများဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်နှင့် မိသားစုရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများနှင့်အညီ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးနေမှုကို ကလေးများကိုယ်တိုင်သိရှိပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိသော နိုင်ငံ့သားကောင်းများဖြစ်အောင် အလေးထား ဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၏ တင်ပြချက်များအား ဖြေရှင်းဆောင်ရွက် ပေးခဲ့ပြီး ကျောင်းသားများအား ရင်းနှီးစွာတွေ့ဆုံခဲ့ပြီး လူငယ်ဘဝ၏ အရေးပါမှုနှင့် စိတ်ဓါတ်ခွန်အား ဖြစ်စေရန်များကို ဟောပြောဆွေးနွေးခဲ့ပါသည်။ ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် ကလေးသူငယ်တရားရုံးများမှ ပေးပို့သော အသက် ၁၂ နှစ်မှ ၁၈ နှစ်ထိ ယောကျာ်းလေး ၃၇၆ ဦးနှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေး ၃၃ ဦးတို့အား လက်ခံစောင့်ရှောက်ထားပါသည်။



**၂၀၂၆ ခုနှစ်၊ မေ လ ၁၂ ရက်** **ရန်ကုန်မြို့**

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးသင်တန်း



ကယားပြည်နယ် လူမှုဝန်ထမ်းရုံးမှ ကြီးမှူး ကျင်းပသည့် “လူမှုရေးပင်စင် ထောက်ပံ့ခြင်းဆိုင်ရာအသိပညာပေးသင်တန်း” ကို ၂၈-၄-၂၀၂၆ ရက်နှင့် ၅-၅-၂၀၂၆ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်း၌ ၂၈-၄-၂၀၂၆ ရက်တွင် လွိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ ၇-၅-၂၀၂၆ ရက်တွင် ဒီးမော့ဆိုမြို့နယ်၊ဖရူဆိုမြို့နယ်၊ရှားတောမြို့နယ်၊လွိုင်လင်လေးမြို့နှင့် လောပိတမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့်တာဝန်ရှိသူများအားလည်းကောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

သင်တန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးပင်စင် ထောက်ပံ့ခြင်းဆိုင်ရာ အချက်အလက်များကို သိရှိနားလည်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ စစ်ကိုင်းမျက်မမြင်ကျောင်းရှိ ကျောင်းသား/ ကျောင်းသူများအား အဟာရကျွေးမွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး လက်အောက်ရှိ စစ်ကိုင်း မျက်မမြင်ကျောင်းသို့ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့များမှ (၈-၅-၂၀၂၆) ရက်နေ့တွင် သွားရောက်ခဲ့ရာ စစ်ကိုင်းမျက်မမြင်ကျောင်းရှိ ကျောင်းသား/ ကျောင်းသူများအား အာဟာရကျွေးမွေးခဲ့ကြပြီး ကျောင်းအဆောက်အဦများနှင့်ကျောင်းပတ်ဝန်းကျင်တို့အား လိုက်လံကြည့်ရှု ခဲ့ကြပါသည်။



## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ (၂၀၁၈) အသိပညာပေးခြင်း



အစိုးရအသစ်၏ ရက် (၁၀၀) စီမံချက်အရ မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံးမှ ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ (၂၀၁၈) အသိပညာပေးခြင်းကို (၂၆-၅-၂၀၂၆)ရက်နေ့တွင် မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ အသိပညာပေးခြင်းတွင် ပြည်နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ပြုံးမှ အဖွင့်အမှာစကား ပြောကြားပြီး ရှေးဦးအရွယ်ကလေး သူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေအသိပညာပေးခြင်းနှင့် ပတ်သက်၍ ပြုလုပ်ရသည့် ရည်ရွယ်ချက်များ၊ ဗဟိုကော်မတီနှင့် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီဖွဲ့စည်းပုံများ၊ တည်ထောင်

ခွင့်ပြုမိန့်နှင့် ပတ်သက်ပြီး မှတ်ပုံတင်ကြေးပေးသွင်းခြင်း ကိစ္စရပ်များအား ရှင်းလင်း ပြောကြားပါသည်။ ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ဒေါ်ဝင်းဝင်းမာက မူကြို တည်ထောင် ခွင့်ပြုမိန့် လျှောက်ထားရာတွင် လိုအပ်သော သတ်မှတ်ချက်များ၊ ပူးတွဲတင်ပြရမည့် အထောက်အထားများ၊ ကျောင်းခန်းတွင်း/ပြင် သင်ယူရန်နေရာများ ပြင်ဆင်ထားရှိမှု၊သင်ရိုးညွှန်းတမ်း၊သင်ရိုးမာတိကာများစနစ်တကျ ရေးဆွဲသွားရန်၊ တည်ထောင်ခွင့်ပြုမိန့်မရရှိဘဲ ကျောင်းများဖွင့်လှစ်ထားခြင်းများ မပြုလုပ်ရန်၊ ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည် ဖြေကြား၍ အသိပညာပေးခြင်းကို ရုပ်သိမ်းလိုက်ပါသည်။

## အမှတ် (၂) မူလတန်းကြိုကျောင်း၊ ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် ယာယီစာသင်ဆောင် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား

၂၀၂၆-၂၀၂၇ ပညာသင်နှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှု အောက်ရှိ အမှတ် (၂) မူလတန်းကြိုကျောင်းအား ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သောမန္တလေးမြေလျှင်ကြောင့်အဆောက်အဦ ပြိုကျပျက်စီးမှုအား ဖြိုဖျက်၍ World Vision Myanmar (INGOs) မှ (၇၀'x ၃၅'x ၁၁') ယာယီစာသင်ဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းအား လွှဲပြောင်းလက်ခံခြင်းနှင့် မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်ခြင်း အခမ်းအနားအား (၄-၅-၂၀၂၆)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ရာမန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီးဦးလှကြွယ် တက်ရောက်၍အဖွင့်အမှာစကားပြောကြားပြီးလူမှုရေးရာ ဝန်ကြီးမှ မူကြိုကျောင်းတက်ရောက်နေသော ကလေးသူငယ်များအား မုန့်နှင့်အချိုရည်များ ပေးအပ်ခဲ့ပြီး မူကြို ကလေးများအတွက် သင်ထောက်ကူပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ပါသည်။



## နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်းများ စတင်ဖွင့်လှစ်မှုတွင် ကလေးငယ်များ ပျော်ရွှင်စွာ တက်ရောက်လျက်ရှိ



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ရှေးဦးအရွယ် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ခုနှစ်၊ ပညာသင်နှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းများကို မေလ ၄ ရက်မှ စတင်ကာ ဖွင့်လှစ်လျက်ရှိပါသည်။ ထိုသို့ ဖွင့်လှစ်ရာတွင် အသက် (၃)နှစ်မှ (၅)နှစ်အတွင်းရှိ ကလေးသူငယ်များအားကာယ၊ ဉာဏ၊စာရိတ္တ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်စနစ်တကျပြုစု ပျိုးထောင်ပေးလျက်ရှိပြီး နေပြည်တော် အတွင်းရှိသက်ဆိုင်ရာမူလတန်းကြိုကျောင်းအသီးသီးတွင် ကလေးငယ်များအား ကစားစရာများနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းပြည့်စုံစွာစီစဉ်ထားရှိရာကလေးသူငယ်များမှာပျော်ရွှင်ချမ်းမြေ့စွာတက်ရောက်လျက်ရှိကြောင်း သိရသည်။ထို့အပြင် မိဘအုပ်ထိန်းသူများ အနေဖြင့်လည်း မိမိတို့၏ ရင်သွေးငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျလေ့ကျင့်ပေးနိုင်သည့် မူလတန်းကြိုကျောင်းများသို့ စိတ်အေးချမ်းသာစွာလာရောက်အပ်နှံထားရှိကြောင်းနှင့် ကျောင်းများဖွင့်လှစ်မှုကြောင့်ကလေးငယ်များ၏အနာဂတ် ဘဝဖွံ့ဖြိုး တိုးတက်မှုများစွာ အထောက်အကူပြုလျက် ရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း သဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မေလတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ အတွင်းရှိ ရပ်ကွက်များ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်နှင့် နဝရတ်ဈေး၊ အလုံခရိုင်၊ကြည့်မြင်တိုင်မြို့နယ်နှင့်ထီးတန်းဈေး၊ကျောက်တန်းမြို့နယ်၊ မီးပြစံပြကျေးရွာအုပ်စု၊ မီးပြစံပြကျေးရွာ၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ဓနုဖြူမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အမှတ် (၁၅)၊ (၁၆)၊ သာယာကုန်းကျေးရွာနှင့်မရမ်းချောင်းကျေးရွာ၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ မြင်းစုကျေးရွာ၊ ပြည်လုံးချမ်းသာမဟာဘုံစံ ဘုန်းတော်ကြီးကျောင်း၊ ဘိုကလေးမြို့နယ်၊ ပညာရေးဒီဂရီ ကောလိပ်ကျောင်း၊ မြောင်းမြမြို့နယ်၊ အမှတ် (၂)၊ (၄)၊ (၅)နှင့် အမှတ် (၆) ရပ်ကွက်၊ ညောင်တုန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်နှင့် အမှတ် (၈) ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ပညာရေးဒီဂရီကောလိပ်၊ လူမှုဝန်ထမ်းမူကြိုကျောင်း၊ကျိုက်လတ်မြို့နယ်၊မြို့မဈေး၊ မြို့ပေါ်ရပ်ကွက်နှင့် လူစည်ကားရာနေရာများနှင့်လမ်းဆုံ/လမ်းခွနေရာများ၊ ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၊ လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာအုပ်စု၊ ဘီတွတ်ကျေးရွာ၊ ပရဟိတလူငယ်ဖွံ့ဖြိုးရေးဂေဟာ၊ အ.ထ.က (၁)သင်တန်းခန်းမ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ တုံးလှဲဘုန်းကြီးကျောင်း၊ အမှတ် (၁၂) ရပ်ကွက်၊ မိုးညိုဘုန်းတော်ကြီးကျောင်းတို့၌လည်းကောင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာမြို့နယ်၊ကျေးရွာအုပ်စု (၂)စု၊ ကျေးရွာ (၃) ရွာ၊ မြင်းခြံမြို့နယ်၊ အမှတ် (၁၄) ရပ်ကွက်၊ဓမ္မာရုံ၊ကျေးရွာအုပ်စု(၂)စု၊ကျေးရွာ(၄)ရွာ၊ တောင်သာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မလှိုင်မြို့နယ်၊ ကျေးရွာအုပ်စု (၁) စု၊ ကျေးရွာ (၇) ရွာ၊ ဝမ်းတွင်းမြို့နယ်၊ ညောင်အုပ်ဖီးကျေးရွာအုပ်စု၊ ရိုးရွာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၂)၊ ရပ်ကွက်ကြီး (၂၁)နှင့် မိုးကြိုးစံပြကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ ကျေးရွာ (၉) ရွာ၊ စဉ့်ကိုင်မြို့နယ်၊ သာစည်မြို့နယ်၊ မြင်းကွက်ကျေးရွာအုပ်စု၊ မြစ်သားမြို့နယ်၊ ရပ်ကွက် (၃) ခု၊ ရွှေသူဌေးရပ်ကွက်နှင့် ဘူတာရပ်ကွက်၊ ပျော်ဘွယ်မြို့နယ်၊မိုးနံကုန်းကျေးရွာအုပ်စု၊ မိုးနံကုန်းကျေးရွာနှင့် ကျေးရွာအုပ်စု (၂) စု၊ ကျေးရွာ (၆) ရွာတို့၌လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဇေယျာသီရိမြို့နယ်၊ပြည်စံအောင်ရပ်ကွက်နှင့် ပုပ္ပါးကုန်းရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ မန်ကျီးကုန်းကျေးရွာအုပ်စုဓမ္မာရုံ၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နယ်၊ မန်ကျီးပင်ကျေးရွာအုပ်စု၊ ဇေယျာသီရိမြို့နယ်၊ ခေတ်အေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ ရှောက်ကုန်းကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိကျေးရွာများ၌လည်းကောင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ဆောင်ရန်/ရှောင်ရန်အချက်များကိုအသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၃-၅-၂၀၂၆) ရက်တွင်ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေး ဒီဂရီကောလိပ်၌ လျှင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းအား တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၉-၅-၂၀၂၆) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖွဲဘာကုန်းတန်းကျေးရွာအုပ်စု၊ ဖွဲဘာကုန်းတန်းကျေးရွာ၌ ဆူနာမီသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခန်းအား တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း Talk Show ပြုလုပ်ခြင်း




မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။

ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် လေပြင်း ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။

ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။




ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် လေပြင်းဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။

ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။

ဓနုဖြူမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း သောက်သုံးရေထောက်ပံ့မှု



မော်လမြိုင်ကျွန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၅) အုပ်စု၊ ကျေးရွာ (၄၈) ရွာမှ အိမ်ခြေ (၄၈၅၃) လုံး၊ လူဦးရေ (၁၈၃၉၁) ဦးတို့ကို (၁) အိမ်ထောင်စုလျှင် (၁၀) ဂါလံနှုန်းဖြင့် ရေ(၄၈၅၃၀) ဂါလံအား သွားရောက်လှူဒါန်းခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း မီးဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မေလတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ တောင်သာအုပ်စု၊ သူဌေးကုန်းကျေးရွာ၊ ယောက်သွားအင်းကျေးရွာအုပ်စု၊ ကြံဘိုစုကျေးရွာတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် (၅၇) ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ အမှတ် (၁၈) ရပ်ကွက် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ နတ်မော်အုပ်စု၊ ပြာကတတ်ကျေးရွာ၊ တလုတ္တော်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင် မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ တမလိုကျေးရွာတွင်လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ သေဆုံးသူများနှင့်ဒဏ်ရာရသူများအတွက် ထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့အား သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း လေပြင်းဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည် ၂၀၂၆ခုနှစ်၊ မေလတွင် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သပြေကျွန်းအုပ်စု၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊မြောင်းမြမြို့နယ်၊ကံချောင်းကျေးရွာအုပ်စု၊ကံချောင်းကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ မဲဇလီအုပ်စု၊ သောင်တန်းကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်

အတွင်းရှိ ကျေးရွာများ၊ ကျားရဲအုပ်စု၊ ကျားရဲကျေးရွာ၊ ကျီးပင်အုပ်စု၊ ကျွန်ကုန်းကျေးရွာနှင့် အမှတ်(၁)ရပ်ကွက်၊ တောင်ကလေး အုပ်စု၊ တောင်ကလေးကျေးရွာတို့၌ လေပြင်းဘေး တိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေများ၊ ဘေးသင့်လူဦးရေများ၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများအား သွားရောက် ထောက်ပံ့ပေးခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ငါးဖားအုပ်စု၊ ငါးဖားကျေးရွာနှင့် ပြာသာအုပ်စု၊ ရေကျော်ကျေးရွာနှင့် သဲဖြူ (ဓမ္မိ) အုပ်စု၊ သဲဖြူ အနောက်ကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွဲသောင်ကျေးရွာအုပ်စု၊ ကွဲသောင်းကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ကျားရဲအုပ်စု၊ မဏ္ဍိုင်ကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ မြဝတီရပ်ကွက်၊ ညောင်တုန်းမြို့နယ်၊ သပြုရေလယ်ကျေးရွာအုပ်စု၊ ရွှေဒဂုံးကျွန်းကျေးရွာများတွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာ၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သစ်ဆိပ်ပင်ကျေးရွာအုပ်စု၊ ချင်းစုကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ သဲကုန်းကျေးရွာ အုပ်စု၊ ဘဲကုန်းကျေးရွာနှင့် သပြေတန်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ်၊ ဝဲကြီး၊ သာယာစုကျေးရွာ၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာအုပ်စု၊ သက်နှင်းအေး ကျေးရွာအုပ်စုနှင့် အောင်ဇေယျရပ်ကွက်တွင်လည်းကောင်း၊ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ နောင်ကမြိုင်ကျေးရွာအုပ်စု၊ နောင်လှကျေးရွာတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊လှည်းကူးမြို့နယ်၊ ကျီးကန်းသိုက်ကျေးရွာနှင့် စိုင်ဒီကုန်းကျေးရွာတို့၌ လေပြင်း ဘေးတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေများ၊ ဘေးသင့်လူဦးရေများ၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများအား သွားရောက်ထောက်ပံ့ ပေးခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်၂၀၂၆ခုနှစ်၊ မေလတွင် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ မဲဇလီအုပ်စု၊ မဲဇလီကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ အိုင်သပြေအုပ်စု၊ ကျောင်းကြီးပိုင်းရပ် ကမ်းပြိုဘေးဖြစ်ပွားမှုကြောင့်၌ ကမ်းပြိုဘေးဖြစ်ပွားမှုကြောင့်ကြိုတင်ပြောင်းရွှေ့လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း မိုးကြိုးဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်၂၀၂၆ခုနှစ်၊ မေလတွင် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊လယ်ဝေးမြို့နယ်၊ ပင်သောင်ကျေးရွာအုပ်စု၊ ရွှေတိုက်တန်းကျေးရွာ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ပြာကတတ်အုပ်စု၊ မိုးကုတ်ရွာ၌လည်းကောင်း မိုးကြိုးပစ်မှုကြောင့် သေဆုံးသူများအတွက် သေဆုံးထောက်ပံ့ငွေနှင့် ဒဏ်ရာရရှိသူအတွက် ဒဏ်ရာရထောက်ပံ့ငွေများသွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း ထူးခြားဖြစ်စဉ်ဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များသည် ၂၀၂၆ ခုနှစ်၊ မေလတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နောင်းယား (ခ) ရပ်ကွက်၌လည်းကောင်း၊ လွိုင်လင်လေးမြို့၊ အောင်တေဇရပ်ကွက်၌ ဗုံးစထိမှန်၍ ဒဏ်ရာရများအတွက် ဒဏ်ရာရထောက်ပံ့ငွေများအား သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မေလအတွင်း အခြားဘေးထောက်ပံ့မှု




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်၂၀၂၆ခုနှစ်၊ မေလတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ချောင်းဖြကြီး ကျေးရွာအုပ်စု၊ ကံဆိပ်ကျေးရွာ၌ မိချောင်းကိုက်ခံရမှုကြောင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေများ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အာဆီယံမိသားစု ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာညီလာခံနှင့် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် Keynote Address ပြောကြားခြင်း

ဖိလစ်ပိုင်နိုင်ငံမှ ဦးဆောင်၍ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်မှ ၁၄ ရက်အထိ Video Conference စနစ်ဖြင့် ကျင်းပသည့်အာဆီယံမိသားစုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာညီလာခံနှင့်အလုပ်ရုံဆွေးနွေးပွဲ၏ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး (ASEAN Ministerial Meeting on Social Welfare and Development - AMMSWD)၏ ဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး

နှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက Keynote Address ပြောကြားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဦးစွာ ဖိလစ်ပိုင်နိုင်ငံ၊ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ဝန်ကြီးဖြစ်သူ H.E Rex Gatchalian (H.E ရက်စ်ဂက်ချာလီယံ) က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ အစီအစဉ်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက Keynote Address ပြောကြားရာတွင် အာဆီယံ၏ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် မိသားစု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးထားမှုအခြေပြု ချဉ်းကပ်မှု (Values-Based Approach)အပေါ် ခိုင်မာစွာ အခြေခံထားပါကြောင်း၊ ကျား၊ မ တန်းတူညီမျှရေးနှင့် မိသားစုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံကြေညာချက်နှင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် မိသားစု၏ အရေးပါမှုဆိုင်ရာ ဘန်ဒါဆရီဘီဂါဝမ် ကြေညာချက်တို့သည် မိသားစုများအား ပိုမိုကူညီပေးနိုင်ရေးနှင့် ခိုင်မာအား ကောင်းစွာ တည်ဆောက်နိုင်ရေးတို့အတွက် ကတိကဝတ်များ ဖြစ်ပါကြောင်း၊ ထို့အပြင် လူမှုဝန်ထမ်း လုပ်ငန်းများဆိုင်ရာ ဟန္နိုင်းကြေညာချက်အရ အာဆီယံအနေဖြင့် မိသားစုများကို စွမ်းဆောင်ရည် မြှင့်တင်ပေးရာတွင် အဓိကကျသော လူမှုဝန်ထမ်းလုပ်ငန်းများနှင့် လူမှုဝန်ထမ်းသမားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အဆင့်တွင်လည်း ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များပါ ပန်းတိုင်(၁) ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ပန်းတိုင်(၃) ကျန်းမာရေးနှင့် သာယာဝပြောရေး၊ ပန်းတိုင်(၅) ကျား၊ မ တန်းတူညီမျှရေး၊ ပန်းတိုင် (၁၀) မညီမျှမှုများ လျှော့ချရေးနှင့် ပန်းတိုင် (၁၆) ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့်ခိုင်မာအားကောင်းသော လူ့အဖွဲ့အစည်းများ ဖော်ဆောင်ရေးတို့နှင့်အညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊အာဆီယံဒေသတွင်းမိသားစုများ၏တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အားလုံးပါဝင် နိုင်ပြီး လိုက်လျောညီထွေရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များမှတစ်ဆင့် ထိခိုက်လွယ်အုပ်စုများထံ ရောက်ရှိနိုင်မည့် မိသားစုကို ဗဟိုပြုသော မူဝါဒများနှင့် အားပေးကူညီသည့် အစီအမံများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကိုပိုမိုလက်လှမ်းမီစေမည့် ပေါင်းစပ်ချဉ်းကပ်မှုနှင့် ဟန်ချက်ညီသော စနစ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသများရှိ မိသားစုများအပါအဝင် အသိပညာဖလှယ်ခြင်းနှင့် ကွန်ရက်များ တည်ဆောက်ခြင်းတို့မှတစ်ဆင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ Virtual စနစ်ဖြင့် မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူး၍ ဖွင့်ပွဲအခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။




**၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်** **နေပြည်တော်**